# ခရီးသွားအာမခံ အကျိုးခံစားခွင့် နှင့် စည်းကမ်းချက်

## အာမခံထားသူ အကျိုးခံစားခွင့်များ

ခရီးစဉ်အစမှ အဆုံးအထိ အာမခံလက်မှတ်ဝယ်ယူထားသည့် ခရီးသည်များသည် စီးနင်းလိုက်ပါသည့် ယာဉ်ကြောင့်ဖြစ်စေ ၊ အာမခံထားသူ၏ မတော်တဆဖြစ်ရပ်များကြောင့်ဖြစ်စေ ၊ အသက်ဆုံးရှုံးခြင်း ၊ ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း ၊ ထိခိုက်ဒဏ်ရာရခြင်းများအတွက် ပူးတွဲပါ အကျိုးခံစားခွင့်များကို ရရှိခံစားရမည်ဖြစ်ပါသည်။

### (က) အသက်ဆုံးရှုံးလျှင်

အသက်ဆုံးရှုံးလျှင် အာမခံထားငွေကို အကျိုးခံစားခွင့်လွှဲပြောင်းပေးသူသို့ ထုတ်ပေးပါမည်။

### (ခ) ထာဝစဉ်မသန်စွမ်းဖြစ်လျှင်

ထာဝစဉ်မသန်စွမ်းဖြစ်လျှင် ဆရာဝန်၏ ထောက်ခံချက်တွင် ထာဝစဉ်မသန်စွမ်းဖြစ်မှု ရာခိုင်နှုန်းအတိုင်း ဝယ်ယူသည့်ယူနစ်အလိုက် ပေးလျော်မည်ဖြစ်ပြီး ၁၀၀% ထာဝစဉ်မသန်စွမ်းဖြစ်ပါက လျော်ကြေးကို အာမခံထားငွေအတိုင်း ပေးလျော်မည်ဖြစ်ပါသည်။

## လျော်ကြေးပေးရန် အကျုံးမဝင်သည့် အချက်များ

(က) ရှိရင်းစွဲ ကိုယ်အင်္ဂါချို့တဲ့မှုနှင့် ရှိရင်းစွဲရောဂါဘယများကြောင့် ဖြစ်ပွားခြင်း။

(ခ) မိမိကိုယ် မိမိသေကြောင်းကြံစည်ခြင်း။

(ဂ) တမင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကို ထိခိုက်ဒဏ်ရာရရှိစေခြင်း။

(ဃ) ယာဉ်ထိခိုက်မှုနှင့် ဆက်စပ်မှုမရှိသော မီးဖွားခြင်း၊ ကိုယ်ဝန်ပျက်ခြင်း စသည်များ။

(င) ရာဇဝတ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် ဥပဒေချိုးဖောက်ခြင်း။

(စ) မူးယစ်ဆေးဝါးသုံးစွဲခြင်း။

(ဆ) စစ်၊ သပိတ်မှောက်ခြင်း၊ အဓိကရုဏ်းဖြစ်ခြင်း၊ ပြည်တွင်းစစ်အကြမ်းဖက်ဖျက်ဆီးခြင်း နှင့် ပြည်တွင်းမငြိမ်မသက်ဖြစ်ခြင်း။

## စည်းကမ်းချက်

ထိခိုက်မှုဖြစ်ပွားပါက ဖြစ်ပွားသည့်နေ့မှစ၍ ချက်ချင်း (၇)ရက်အတွင်း အာမခံလက်မှတ်တွင် ဖော်ပြထားသော ဆက်သွယ်ရမည့်တယ်လီဖုန်းသို့ အကြောင်းကြားရန် လိုအပ်ပါသည်။